ကန့်သတ်

အကြောင်းအရာ။ ရခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Europe & Asia Beverages Company Limited မှ ရေသန့်နှင့်အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည် ရင်းနှီးမြှုပ်နှံသူ ရင်းနှီးမြှုပ်နှံမှုပုံသဏ္ဍာန် လုပ်ငန်းအမျိုးအစား	- Europe & Asia Beverages Company Limited - ဦးကျော်ဝင်းထွန်း - ရခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု - ရေသန့်နှင့်အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း
၂။	တည်နေရာ	- မြေကွက်အမှတ် ၆၆၊ ၆၇၊ မြေတိုင်းရပ်ကွက် အမှတ်- ၆၅ (စက်မှု)၊ စက်မှုဇုန်အပိုင်း-၄၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၃။	မြေငှားသက်တမ်း မြေငှားရမ်းခ	- ကနဦး နှစ် ၅၀ - ကျပ် ၅၃,၃၃၀,၄၀၀,၀၀၀ (တစ်နှစ် တစ်ကေလျှင် ကျပ် ၂၆၁,၃၆၀,၀၀၀ နှုန်း)
၄။	မြေအကျယ်အဝန်း မြေပိုင်ရှင်	- စုစုပေါင်း ၄.၀၈၁ ဧက - ဦးစိန်မြင့်
၅။	စုစုပေါင်းမတည်ငွေရင်း ပမာဏ	- ကျပ် ၃၂,၈၆၃.၀၁၀ သန်း |	စုစုပေါင်း (ကျပ်/သန်း) | ငွေသား ၁၄,၁၁၃.၁၃၈ စက်ပစ္စည်းတန်ဖိုး ၁၂,၇၀၂.၇၀၇ အဆောက်အဦတန်ဖိုး ၄,၂၃၂.၉၆၁ ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ ၁,၈၁၄.၂၀၄ **စုစုပေါင်း ၃၂,၈၆၃.၀၁၀**
၆။	ဝန်ထမ်းခန့်ထားမှု ပြည်တွင်း	- ၂၂၅ ဦး - ၂၂၅ ဦး (ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၅၀,၀၀၀ ဖြစ်ပြီး အမြင့်ဆုံးလစာမှာ ကျပ် ၄၉၀,၀၀၀ ဖြစ်ပါသည်။

၇။	နှစ်စဉ်ထုတ်လုပ်မှု (ပထမနှစ်)	- ၁၀၀ % ပြည်တွင်းရောင်း စဉ် အမျိုးအမည် ပြည်တွင်းရောင်း အရေအတွက် ရောင်းဈေးနှုန်း (ကျပ်/Unit) ရေသန့် ၁။ 1 Litre (ဗူး) ၄၂,၄၃၂,၀၀၀ ၁၆၅ ၂။ 600 ml (ဗူး) ၁,၇၆၈,၀၀၀ ၁၃၂ ၃။ 350 ml (ဗူး) ၇,၀၇၂,၀၀၀ ၁၀၈ အချိုရည် ၁။ Fire Dragon 250ml (Clip) ၆၇,၃၈၇,၃၂၀ ၂၅၈ ၂။ Lychee Juice 250ml (Clip) ၆၇,၃၈၇,၃၂၀ ၂၅၈ ၃။ Asia Orange 250ml (Clip) ၁၉,၂၅၃,၅၂၀ ၂၅၈ ၄။ Sport-X 330ml (Can) ၁၉,၂၅၃,၅၂၀ ၄၁၇ ၅။ Lion 330ml (Can) ၁၉,၂၅၃,၅၂၀ ၄၂၅
၈။	အခြားတင်ပြချက်	- မြေပိုင်ရှင် ဦးစိန်မြင့်၏ မြေပိုင်ဆိုင်မှု အထောက်အထား များ တင်ပြထားပါသည်။ - မြေပိုင်ရှင် ဦးစိန်မြင့်နှင့် ဥရောပအာရှ အဖျော်ယမကာ ကုမ္ပဏီလီမိတက်တို့ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း)ကို တင်ပြထားပါသည်။ - Asia, Nika, Lion, V-Code, Sport-X, D-pop (Orange), J-Box, Juice Box, Summer C, Asia Fire Dragon, Sport X, Lion အမှတ်တံဆိပ်ရှိ ရေသန့်နှင့် အချိုရည်များကို ထုတ်လုပ်မည်ဖြစ်ကြောင်းနှင့် Europe & Asia Commercial Co., Ltd. အမည်ဖြင့် FDA လိုင်စင်များ ရရှိထားကြောင်း တင်ပြထားပါသည်။ - Europe & Asia Commercial Co., Ltd. နှင့် Europe & Asia Beverages Co., Ltd. တို့ ချုပ်ဆိုထားသည့် ကုန်အမှတ်တံဆိပ် အသုံးပြုခွင့် ပေးခြင်း ဆိုင်ရာ သဘောတူစာချုပ် (မိတ္တူ) ကိုတင်ပြထားပါသည်။ - ငွေကြေးအထောက်အထားအဖြစ် Europe & Asia Beverages Company Limited အမည်ဖြင့် မြန်မာနိုင်ငံရှိ OCBC Bank တွင် ၂၈-၆-၂၀၁၉ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၁.၂၀၀ သန်း ရှိကြောင်း အထောက်အထားနှင့် CB Bank တွင် ၂၆-၆-၂၀၁၉ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၄.၀၉၁ သန်း ရှိကြောင်း အထောက်အထားများ တင်ပြထားပါသည်။

၉။	စိစစ်တင်ပြချက်	- Europe & Asia Beverages Company Limited ၏ ကုမ္ပဏီမှတ်ပုံတင် လက်မှတ်တင်ပြထားပါသည်။ - ဒါရိုက်တာအဖွဲ့ဝင်များ၏ မှတ်ပုံတင်မိတ္တူများ တင်ပြထားပါသည်။ - စက်ရုံတည်နေရာပြမြေပုံနှင့် စက်ရုံ Layout Plan တို့ကို တင်ပြထားပါသည်။ - ဝန်ထမ်းသက်သာချောင်ချိရေး အစီအမံ၊ မီးဘေး ကာကွယ်ရေး ဆောင်ရွက်ချက်၊ ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး အစီအစဉ်၊ CSR အစီအစဉ် တို့ကို တင်ပြထားပါသည်။ - Europe & Asia Beverages Co., Ltd. ၏ အစုရှယ်ယာရှင်များမှ အဆိုပြုလုပ်ငန်းဆောင်ရွက်ရန် သဘောတူညီသည့် အစည်းအဝေး ဆုံးဖြတ်ချက်များ တင်ပြထားပါသည်။ - အဆိုပြုလုပ်ငန်းသည် ISIC 1104 တွင်ပါဝင်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၇ အရ ဆောင်ရွက်ဆဲလုပ်ငန်းကို ဆက်ခံဆောင်ရွက်ခြင်းဖြစ်ပြီး မူလကုန်အမှတ်တံဆိပ်အတိုင်း ဆက်လက် ထုတ်လုပ်ခြင်းဖြစ်သောကြောင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် မရရှိနိုင်ပါ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ မရက-၂/ အ-၀၄၅ / ၂၀၁၉ (၃၀၅)

ရက်စွဲ ၊ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၃ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့် အမှာစာ

အကြောင်းအရာ။ **ရခိုင်နှုန်းပြည့်မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုဖြင့် Europe & Asia Beverages Company Limited မှ ရေသန့်နှင့်အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စ**

၁။ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Europe & Asia Beverages Company Limited မှ မြေကွက်အမှတ် ၆၆၊ ၆၇၊ မြေတိုင်းရပ်ကွက် အမှတ်– ၆၅ (စက်မှု)၊ စက်မှုဇုန်အပိုင်း–၄၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ စုစုပေါင်း မြေဧရိယာ ၄.၀၈၁ ဧကတွင် ရေသန့်နှင့်အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အတည်ပြု လျှောက်ထားလွှာတင်ပြလာပါသည်။

၂။ အတည်ပြုချက်နှင့်အတူ မြေပိုင်ရှင် ဦးစိန်မြင့်နှင့် Europe & Asia Beverages Company Limited ကို့ ချုပ်ဆိုမည့် မြေနှင့် အဆောက်အဦငှားရမ်းစာချုပ် (မူကြမ်း) နှင့် မြေပိုင်ရှင် ဦးစိန်မြင့်၏ မြေပိုင်ဆိုင်မှုအထောက်အထားများအား ပူးတွဲ တင်ပြထားပါသည်။

၃။ မြေငှားရမ်းသက်တမ်းမှာ ကနဦး နှစ် ၅၀ ငှားရမ်းမည် ဖြစ်ပါသည်။ မြေငှားရမ်းခမှာ တစ်နှစ်တစ်ကေလျှင် ကျပ် ၂၆၁,၃၆၀,၀၀၀ နှုန်း ဖြင့် စုစုပေါင်းမြေဧရိယာ ၄.၀၈၁ ဧကအတွက် ကျပ် ၅၃,၃၃၀,၄၀၀,၀၀၀ ဖြစ်ပါသည်။

၄။ လုပ်ငန်း၏ စုစုပေါင်း မတည်ငွေရင်းပမာဏမှာ ကျပ် ၃၂,၈၆၃.၀၁၀ သန်း ဖြစ်ပါသည်။ မတည်ငွေရင်း ထည့်ဝင်မှုများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

		စုစုပေါင်း (ကျပ် သန်း)
(က)	ငွေသား	၁၄,၁၁၃.၁၃၈
(ခ)	စက်ပစ္စည်းတန်ဖိုး	၁၂,၇၀၂.၇၀၇
(ဂ)	အဆောက်အဦတန်ဖိုး	၄,၂၃၂.၉၆၁
(ဃ)	ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ	၁,၈၁၄.၂၀၄
	စုစုပေါင်း	**၃၂,၈၆၃.၀၁၀**

၅။ လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းဝန်ထမ်း ၂၂၅ ဦး ခန့်ထားမည် ဖြစ်ပါသည်။ ပြည်တွင်း ဝန်ထမ်းတစ်ဦး၏ အနိမ့်ဆုံးလစာမှာ ကျပ် ၁၅၀,၀၀၀ နှင့် အမြင့်ဆုံးလစာမှာ ကျပ် ၄၉၀,၀၀၀ ဖြစ်ပါသည်။

၆။ အဆိုပြုလုပ်ငန်းမှာ ရေသန့်နှင့် အချိုရည်အမျိုးမျိုးထုတ်လုပ်ပြီး ပြည်တွင်းတွင် ၁၀၀% ရောင်းချမည်ဖြစ်ပါသည်။ နှစ်စဉ်ထုတ်လုပ်မှု အရေအတွက်နှင့် ရောင်းဈေးနှုန်းများမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်-

စဉ်	အမျိုးအမည်	ပြည်တွင်းရောင်း	
		အရေအတွက်	ရောင်းဈေးနှုန်း (ကျပ်/Unit)
	ရေသန့်		
၁။	1 Litre (ဗူး)	၄၂,၄၃၂,၀၀၀	၁၆၅
၂။	600 ml (ဗူး)	၁,၇၆၈,၀၀၀	၁၃၂
၃။	350 ml (ဗူး)	၇,၀၇၂,၀၀၀	၁၀၈
	အချိုရည်		
၁။	Fire Dragon 250ml (Clip)	၆၇,၃၈၇,၃၂၀	၂၅၈
၂။	Lychee Juice 250ml (Clip)	၆၇,၃၈၇,၃၂၀	၂၅၈
၃။	Asia Orange 250ml (Clip)	၁၉,၂၅၃,၅၂၀	၂၅၈
၄။	Sport-X 330ml (Can)	၁၉,၂၅၃,၅၂၀	၄၁၇
၅။	Lion 330ml (Can)	၁၉,၂၅၃,၅၂၀	၄၂၅

၇။ အဆိုပြုလုပ်ငန်းနှင့်ပတ်သက်၍ **ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာ ပူးပေါင်းလုပ်ငန်းအဖွဲ့၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန**မှ အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှု မရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံးဖြစ်စေရေးအတွက် ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination- IEE) ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင် စီမံခန့်ခွဲမှု အစီအစဉ် (Environmental Management Plan-EMP) ကို ရေးဆွဲတင်ပြရမည် ဖြစ်ကြောင်း သဘောထား ပြန်ကြားလာပါသည်။ **နောက်ဆက်တွဲ-က**

၈။ ငွေကြေးအထောက်အထားအဖြစ် Europe & Asia Beverages Company Limited အမည်ဖြင့် မြန်မာနိုင်ငံရှိ OCBC Bank တွင် ၂၈-၆-၂၀၁၉ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၁.၂၀၀ သန်း ရှိကြောင်း အထောက်အထားနှင့် CB Bank တွင် ၂၆-၆-၂၀၁၉ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၄.၀၉၁ သန်း ရှိကြောင်း အထောက်အထားများ တင်ပြထားပါသည်။

၉။ **စိစစ်တင်ပြချက်**

(က) အဆိုပြုလုပ်ငန်းသည် ISIC 1104 တွင်ပါဝင်ပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၈၄/၂၀၁၇ အရ ဆောင်ရွက်ဆဲလုပ်ငန်းကို ဆက်ခံဆောင်ရွက်ခြင်းဖြစ်ပြီး မူလကုန်အမှတ် တံဆိပ်အတိုင်း ဆက်လက်ထုတ်လုပ်ခြင်းဖြစ်သောကြောင့် ဝင်ငွေခွန် ကင်းလွတ်ခွင့် မရရှိနိုင်ပါ။

(ခ) ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မူဝါဒနှင့် ဥပဒေရေးရာ ဌာနခွဲမှ ကော်မရှင် အတည်ပြုမိန့် နှင့် ဆုံးဖြတ်ချက်(မူကြမ်း)အား ဥပဒေနှင့် ညီညွတ်မှု ရှိကြောင်း စိစစ်ပြီးဖြစ်ပါသည်။

ဆုံးဖြတ်ရန်အချက်

၁၀။ ရခိုင်နှုန်းပြည့်မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဖြင့် Europe & Asia Beverages Company Limited မှ ရေသန့်နှင့်အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဆောင်ရွက်ခွင့်ပြုပါရန် အတည်ပြုလျှောက်ထားလွှာ တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုမိန့်ထုတ်ပေးရန် သဘောတူ-မတူ။

21-01-X

ဥက္ကဋ္ဌ(ကိုယ်စား)

(သန့်စင်လွင်၊ အတွင်းရေးမှူး)

မိတ္တူကို

ရုံးလက်ခံ/မျှောစာတွဲ

နောက်ဆက်တွဲ-က

ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့
ရန်ကုန်မြို့
စာအမှတ်၊ ၀၀၁/ MIC (OSS)/ ၀၁(၁၈/၁၉)
ရက်စွဲ၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်

336
MIC / 319

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **Europe & Asia Beverages Company Limited မှ ရေသန့်၊ အချိုရည်ထုတ်လုပ်ခြင်းနှင့်ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက် ပြန်ကြားခြင်း**

ရည် ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၁-၈-၂၀၁၉ ရက်စွဲပါစာအမှတ်၊ မရက-၂/ အ-၀၄၅/၂၀၁၉ (၂၄၄)

၁။ ရာခိုင်နှုန်းပြည့် မြန်မာနိုင်ငံသားများရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Europe & Asia Beverages Company Limited မှ မြေကွက်အမှတ်- ၆၆၊ ၆၇၊ မြေတိုင်းရပ်ကွက်အမှတ်- ၆၅ (စက်မှု)၊ စက်မှုဇုန်အပိုင်း- ၄၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ စုစုပေါင်းမြေဧရိယာ ၄.၀၈၁ ဧက (၁၆, ၅၁၅. ၂၂ စတုရန်းမီတာ) တွင် ရေသန့်၊ အချိုရည် ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းနှင့်စပ်လျဉ်း၍ စိစစ်ပြီး သဘောထားမှတ်ချက် ပြန်ကြားပေးနိုင်ပါရန် ရည်ညွှန်းပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါပေးပို့လာသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာအား စိစစ်ရာတွင် အောက်ပါအချက်များကိုလေ့လာတွေ့ရှိရပါသည် -

(က) ပေးပို့လာသော အဆိုပြုလွှာတွင် ကနဦးရင်းနှီးမြှုပ်နှံမှုကာလမှာ (၃၀) နှစ်ဖြစ်ပြီး၊ တည်ဆောက်ရေးကာလမှာ (၂) နှစ် ဖြစ်ကြောင်း၊

(ခ) အဆိုပြုလုပ်ငန်းအား မြေ (၁၆, ၅၁၅. ၂၂ စတုရန်းမီတာ) ပေါ်ရှိ ယခင် ရေသန့်နှင့်အချိုရည် ထုတ်လုပ် ရောင်းချလျက်ရှိသည့် အဆောက်အဦများအား လိုအပ်သည့် ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ကာ လုပ်ငန်း ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(ဂ) အဆိုပြုလုပ်ငန်းမှ ထုတ်လုပ်မှုအနေဖြင့် နှစ်စဉ် Fire Dragon 250 ml (Clip), Lychee juice 250 ml (Clip), Asia Orange 250 ml (Clip), Sport-X 330 ml (Can), Lion 330 ml (Can) ပူးပေါင်း (၁၉၀) သန်းကျော်နှင့် ရေသန့် ပူးပေါင်း (၅၁) သန်းကျော် ထုတ်လုပ် ရောင်းချသွားမည် ဖြစ်ကြောင်း၊

(ဃ) ဝန်ထမ်းများ သက်သာချောင်ချိရေး အစီအစဉ်များ၊ မီးဘေး ကြိုတင်ကာကွယ်ရေး အစီအမံများကိုလည်း ထားရှိ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊

(င) လုပ်ငန်းမှရရှိလာမည့် အသားတင်အမြတ်ငွေ၏ (၂%) ကို လူမှုရေးဆိုင်ရာတာဝန်ခံဆောင်ရွက်မှု (Corporate Social Responsibility-CSR) လုပ်ငန်းများတွင် ထည့်ဝင်အသုံးပြုသွားမည် ဖြစ်ကြောင်း၊

(စ) သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး/လုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဖော်ပြပါရှိပါသည်။

၃။ လုပ်ငန်းလည်ပတ် ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပတ်ဝန်းကျင်ဆိုင်ရာထိခိုက်မှုများ ဖြစ်ပေါ်လာနိုင်ကြောင်း လေ့လာသုံးသပ်ရပါသည်-

(က) Europe & Asia Beverages Company Limited မှ အချိုရည်ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် ထွက်ရှိလာမည့် ဖုန်မှုန့်များ၊ လုပ်ငန်းသုံးယာဉ်/ ယန္တရားများမှ ထွက်ရှိလာမည့် စက်ဆီ၊ ချောဆီ၊ အခိုးအငွေ့များကြောင့် အနီးပတ်ဝန်းကျင်ရှိ လေထု၊ မြေထုနှင့် ရေထုညစ်ညမ်းမှု ဖြစ်ပေါ်စေနိုင်ခြင်း၊

(ခ) တည်ဆောက်ရေးလုပ်ငန်းသုံး ယာဉ်ယန္တယားများနှင့် စက်ပစ္စည်းများမှ ထွက်ရှိလာမည့် စက်ဆီ၊ ချောဆီနှင့် စွန့်ပစ်ပစ္စည်းများကြောင့် ပတ်ဝန်းကျင်ရှိမြေထု၊ ရေထုနှင့် လေထု ညစ်ညမ်းခြင်း၊

(ဂ) အလုပ်သမားများ၏ စွန့်ပစ်ပစ္စည်းများနှင့် မိလ္လာအညစ်အကြေးများကြောင့် ပတ်ဝန်းကျင် ညစ်ညမ်းခြင်း၊

(ဃ) လုပ်ငန်းလည်ပတ်ရာတွင် လိုအပ်သည့် ရေအားစနစ်တကျ ထုတ်ယူသုံးစွဲမှုမရှိခြင်းကြောင့် မြေအောက်ရေ အရည်အသွေးနှင့် မျက်နှာပြင်နိမ့်ကျခြင်း၊

(င) ရေသန့်၊ အချိုရည်ထုတ်လုပ်ခြင်း လုပ်ငန်းကြောင့်ထွက်ရှိသော စွန့်ပစ်အရည်များကြောင့် ရေထုညစ်ညမ်းမှု၊ အနံ့ဆိုးများထွက်ရှိခြင်းကြောင့် စက်ရုံ ဝန်ထမ်းများနှင့် စက်ရုံအနီးပတ်ဝန်းကျင်ရှိ ပြည်သူများ၏ ကျန်းမာရေး ထိခိုက်မှု၊ စက်ရုံမှ ထုတ်လွှတ်သည့် အခိုးအငွေ့များတွင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်း ထိခိုက်စေနိုင်သော အလွန်သေးငယ်သည့် အမှုန်အမွှားများ (PM10)၊ ကျပ်ခိုးနှင့် ကာဗွန်မိုနောက်ဆိုဒ် (CO) များ ပါဝင်မှုတို့ကြောင့် လေထုညစ်ညမ်းမှုစသည့် ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှု ပြဿနာများ ဖြစ်ပေါ်စေနိုင်ပါသည်။

၄။ သို့ဖြစ်ပါ၍ Europe & Asia Beverages Company Limited မှ အချိုရည်ထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စနှင့် စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းများကို အောက်ပါအတိုင်း သဘောထား မှတ်ချက်ပြန်ကြားအပ်ပါသည် -

(က) အဆိုပြုလုပ်ငန်းများ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့်ကျန်းမာရေး ထိခိုက်ပျက်စီးမှုများကို လျော့နည်းစေရန်အတွက် လုပ်ငန်းဆိုင်ရာအချက်အလက်များကို ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့်နည်းစနစ်များ အားအသုံးပြုရန်နှင့် အဆိုပြုလွှာတွင် ဖော်ပြထားသည့် လူမှုရေးဆိုင်ရာ တာဝန်ခံဆောင် ရွက်မှု (Corporate Social Responsibility-CSR) အတွက်အသားတင်

အမြတ်ငွေ၏ ၂% ကိုအသုံးပြုခြင်းအပါအဝင် ဆောင်ရွက်ပေးသွားမည့် ကတိကဝတ်များကိုတိတိကျကျ လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ရန်၊

(ခ) အဆိုပြုလုပ်ငန်းကြောင့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမရှိစေရေး (သို့မဟုတ်) ထိခိုက်မှုအနည်းဆုံး ဖြစ်စေရေးအတွက် **ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (Initial Environmental Examination - IEE)** ကို ဆောင်ရွက်ပြီး ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များပါအတိုင်း အစီရင်ခံစာရေးသားတင်ပြရန်နှင့် ဝန်ကြီးဌာနမှ လိုအပ်ပါက **ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment-EIA)** ကို ရေးဆွဲဆောင်ရွက်ရန်၊

(ဂ) အထက်ပါလေ့လာဆန်းစစ်မှု ရလဒ်များကိုအခြေခံ၍ ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်မှုမဖြစ်ပေါ်စေရေး (သို့မဟုတ်) ထိခိုက်မှု အနည်းဆုံးဖြစ်စေသည့် လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ် စွန့်ပစ်ပစ္စည်း/စွန့်ပစ်အရည် စီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြပ်ကြည့်ရှုစစ်ဆေးမည့်အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှု လျော့ပါးစေရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် **ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (Environmental Management Plan - EMP)** အား ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းပါ အချက်အလက်များနှင့်အညီ ရေးဆွဲတင်ပြရန်နှင့်စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဃ) စီမံကိန်းဆောင်ရွက်မည့်သူများအနေဖြင့် ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီစဉ်များ၊ အစီရင်ခံစာများ ရေးသားပြုစုရာတွင်ပြဋ္ဌာန်း ထုတ်ပြန်ထားပြီးဖြစ်သော ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေ၊ နည်းဥပဒေ၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များတွင် ဖော်ပြပါရှိသည့် လိုက်နာ ဆောင်ရွက်ရမည့် အချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ လမ်းညွှန်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရန်၊

(င) သက်ဆိုင်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လုပ်ငန်းဆောင်ရွက်မည့် နေရာဒေသတွင် နေထိုင်သော ဒေသခံပြည်သူများ၏ ဆန္ဒနှင့် သဘောထားများကိုလည်း ရယူ ဆောင်ရွက်ရန်၊

(အောင်သူကျော်)
ဒုတိယညွှန်ကြားရေးမှူး
အဖွဲ့ခေါင်းဆောင်(ပတ်ဝန်းကျင်)
ရင်းနှီးမြှုပ်နှံမှုဌာနဆိုင်ရာပူးပေါင်းလုပ်ငန်းအဖွဲ့

မိတ္တူကို

ပြည်ထောင်စုဝန်ကြီးရုံး
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန
ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့သစ်လုပ်ငန်း
ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
ညွှန်ကြားရေးမှူး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး
ရုံးလက်ခံ